သုံးတောင်ကျေးရွာ

သုံးတောင်အုပ်စု

ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ လ

မာတိကာ

မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား
၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ
၃။ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ
(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု
(င) ပညာရေး
(စ) ကျန်းမာရေး
(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဇ) ကျား–မရေးရာ
၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

သုံးတောင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး သုံးတောင်အုပ်စုတွင်ပါဝင်ပြီး မန္တလေး-လားရှိုးလမ်းမပေါ်တွင် တည်ရှိပါသည်။ ပြင်ဦးလွင်မြို့၏တောင်ဘက်(၁၂)မိုင်အကွာအဝေး ရတနာပုံမြို့သစ်အနီးတွင် တည်ရှိပြီး အရှေ့ဘက်တွင် ခွန်လိန်၊ သပြေကျင်းကျေးရွာ၊ အနောက်ဘက်တွင် ဇီးပင်ကြီးကျေးရွာ၊ တောင်ဘက်တွင် ပြင်စာကျေးရွာ၊ မြောက်ဘက်တွင် ကျောက်ဖျာဒိုး ကျေးရွာများနှင့် ထိစပ်လျှက်ရှိပါ သည်။ သမပိုင်းဇုံတွင် ပါဝင်ပြီး တောင်ပေါ်ဒေသတွင်တည်ရှိပါသည်။

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၆)ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဘောစကိုင်း၊ မာကလာပင် နှင့် ပိန္နဲပင်စသောအပင်များ ပေါက်ရောက်ပြီး ကျားမုတ်ဆိတ်၊ မြင်းခွာရွက်၊ ရှားစောင်းလပတ်၊ သံမနိုင် ကျောက်မနိုင်စသော ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သည်။ သီးနှံစိုက်ပျိုးနိုင်သော ယာမြေ(၈၀)ဧက၊ နှစ်ရှည် သီးနှံပင်(သရက်၊ပိန္နဲ) ပန်းနှင့်ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးပြီး ပန်း စိုက်ပျိုးနိုင်သော လယ်ယာမြေ(၅၀)ဧကရှိပြီး ခရမ်းချဉ်စိုက်ပျိုးနိုင်သော လယ်မြေဧက(၃၀)ဧက ရှိသည်ကို တွေ့ရှိရပါသည်။ စိမ့်စမ်းရေမှရေကို စက်ဖြင့်စုပ်တင်ပြီး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာအနီးတွင်စိမ့်စမ်းရေနှင့်မြေအောက်ရေရရှိနိုင်သောကြောင့် ပိုက်ရေတွင်းများ တူးပြီးရေတင်စက်များ အသုံးပြု၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်သည်။

၃။ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ လူမှုကူညီရေးအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ပုည်သဟာရ လူငယ်အဖွဲ့တို့ ရှိပါသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများစည်းလုံး ညီညွတ်စွာ

ဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရ မဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ ရှိသော် လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့်ပုံစံ ဖြစ်ပါ သည်။ ခြံငုံ၍သုံးသပ်ရလျှင်သာရေးနာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်း များက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ပန်းနှင့် ခရမ်းချဉ် ကိုသာ ကျေးရွာတွင် အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် ပန်း စိုက်ပျိုးနိုင်သောယာမြေ(၅၀)ဧကက၊ ခရမ်းချဉ်စိုက်ပျိုးနိုင်သောယာမြေ(၃၀)ဧကရှိကြောင်းတွေ့ရှိရပြီး အခြားသီးနှံများကိုလည်း သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ နှစ်စဉ်ကျေးရွာမှ ပန်း တစ်ဧလျှင်(၄၀၀၀)စီးရေ ထွက်ရှိပြီး ခရမ်းချဉ် တစ်ဧကလျှင် (၁၂၀၀၀)ပိဿာခန့် ထွက်ရှိပါသည်။ စိမ့်စမ်းရေ၊ မြေအောက်ရေတို့ဖြင့်သီးနှံများ စိုက်ပျိုးကြသည်။ ပန်းကို ဧပြီလတွင် စိုက်ပျိုးပြီး ဇွန်လတွင် ထွက်ရှိသည်။

ပန်းနှင့်ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုး အမြတ်ရရှိမှုနည်းပါသည်။ ဈေးကွက်မတည်မငြိမ်မှုများလည်း ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါ သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံရွေးချယ် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိမ့်စမ်းရေနှင့်မြေအောက်ရေ ရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်း တစ်ခု ဖြစ်သည်။ သို့သော် သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှအိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ကိုင်မှုအလွန်နည်းပါးသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ရေသန့်ကို ဝယ်ယူအသုံးပြုကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ၈၆.၅၁%ခန့်သည်လည်း ကိုယ်ပိုင် ရေတွင်းများ သုံးစွဲနိုင်ကြသည်။

ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ (၁၃၅၀၀) စတုရန်းပေရှိပြီး စာသင်ဆောင် စုစုပေါင်း(၅)ဆောင် ရှိပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှု အသင့်အတင့်သာရှိပါသည်။ ကျောင်းတွင် ဆရာ(၂)ဦး၊ ဆရာမ (၂၇)ဦး စုစုပေါင်း (၂၉)ဦး ရှိ ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ အရေးပေါ်ကျန်းမာရေး စောင့်ရှောက် မှုအတွက် (၂)မိုင်ခန့် ကွာဝေးသော ပြင်စာကျေးရွာ ဆေးပေးခန်းနှင့်(၁၂)မိုင်ခန့်ဝေးသော ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံမှ ရရှိပါသည်။

ကျေးရွာလျှပ်စစ်မီးရရှိသောကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အလားအလာကောင်းများရှိပါသည်။ ချေးငွေအစီအစဉ်များ၊ ဈေးကွက်နှင့် နည်းပညာချိတ်ဆက်မှုများ ရရှိ လာမည် ဆိုပါက ပိုမိုဖွံ့ဖြိုးလာစေရန် အလားအလာကောင်းများရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အတွက် လိုအပ်သောချေးငွေကို သမဝါယမဦးစီးဌာနမှ အိမ်ထောင်တစ်ဦးလျှင် (၁၅၀၀၀၀/) ကျပ် နှုန်းဖြင့် အတိုးနှုန်း(၂)ကျပ်တိုးနှင့် အလိုင်းရင့်ချေးငွေတို့ဖြစ်ပါသည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုတတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရ သူများလည်းရှိပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိသောကြောင့် အထက်ပညာကို လက်လှမ်းမှီ သင်ကြားနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီ သောကြောင့် လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျ ဆဲဖြစ်ပြီး ၄င်းအတွက်ဖွံ့ဖြိုးရေး အစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင်ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ် သည်။ သွေးတိုး၊ ဆီးချိုရောဂါနှင့် လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိသည်။ ပန်းနှင့် ဟင်းသီးဟင်းရွက်ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေအသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ် များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာမှကျေးလက်ဆေးပေးခန်းနှင့် ကျေးရွာနှင့်(၁၂)မိုင်ခန့် ကွာဝေးသော ပြင်ဦးလွင် မြို့ ပြည်သူ့ဆေးရုံမှ ရရှိကြသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်ယာမြေများသည် နှစ်စဉ်ပန်းနှင့်ခရမ်းချဉ်ကို သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ ကြောင့် မြေဆီလွှာပျက်ယွင်းခြင်းနှင့် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ် လျော့ပါးရေးအတွက်၊ ဘေး ကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါ သည်။ ရာသီဥတု မမှန်သောကြောင့် သီးနှံစိုက်ပျိုးရန် ယာမြေများတွင် အခက်အခဲ အနည်းငယ်ကြုံတွေ့ရ ပါသည်။

(ဇ) ကျား–မရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည်အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေး ထိန်းခြင်း စသောကိစ္စများဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ် ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ်ရိုးရာ ယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်

အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှတက္ကသိုလ် ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အခြေခံအဆောက်အဦ	(၁) ရွာတွင်းလမ်းခင်းခြင်း	၁
၂	အခြေခံအဆောက်အဦ	(၁)ကျေးရွာအခွန်လွတ်ဈေးထူထောင်ခြင်း	၂
၃	ပညာရေး	(၁) ကျေးရွာစာသင်ကျောင်းဆောင်ဆောက်လုပ်ပေးခြင်း (၂)ကျောင်းသောက်ရေသန့်ရရှိအောင်ဆောင်ရွက်ပေးခြင်း	၃
၄	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	(၁) သဘာဝဘေးလျော့ချရေးစီမံချက်	၄
၅	လူငယ်နှင့်အားကစား	(၁) ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း (၂)အမျိုးသမီးစွမ်ဆောင်ရည်မြှင့်သင်တန်း	၅
၆	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	(၁)အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်ရေးသင်တန်း	၆
၇	ကျန်းမာရေး	(၁)ကျန်းမာရေးအသိပညာပေးသင်တန်းများပို့ချပေးခြင်း	၇
၈	စိုက်ပျိုးရေး (မြေ)	(၁)လယ်ယာမြေ ဥပဒေသင်တန်းများ	၈
၉	စိုက်ပျိုးရေး(သီးနှံ)	(၁) သီးနှံမျိုးကောင်းမျိုးသန့်များ လက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်း	၉
၁၀	စိုက်ပျိုးရေး (နည်းပညာ)	(၁) မြေဆီမြေလွှာထိန်းသိမ်းနည်းနည်းပညာပံ့ပိုးပေးခြင်း (၂) သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း	၁၀
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	(၁) စက်ချုပ်နှင့်အိမ်တွင်းမှုသင်တန်း	၁၁
၁၂	မွေးမြူရေးနှင့်မွေးမြူရေးဆေးပညာ	(၁) ဆင်းရဲသားတစ်ပိုင်တစ်နိုင် ကြက်၊ နွားမွေးမြူနိုင်ရန် အရင်းအနှီး၊ နည်းပညာထောက်ပံ့ပေးခြင်း	၁၂